# ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်မှ မီဒီယာထုတ်ပြန်ကြေငြာချက်

အရေးပေါ်သတင်းထုတ်ပြန်ကြေငြာချက်၊ သောကြာနေ့ အောက်တိုဘာ (၁၀) ရက်၊ ၂၀၂၅ခုနှစ်

## ဗမာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့်မွန်ပြည်နယ်တွင် ကလေးငယ် ၅ ဦး သေဆုံး

မွန်ပြည်နယ်အရှေ့မြောက်ပိုင်း၊ Htee Hpa Doh Hta (ထီးဖာဒို့ထ) ကျေးရွာတွင် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ ည ၁၀ နာရီ ၁၀ မိနစ်အချိန်တွင် ဗမာစစ်တပ်ဘက်မှ လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးငယ် ၅ ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် နေအိမ်များ ထိခိုက်ပျက်စီးခဲ့ပြီး အိမ်မွေးတိရစ္ဆာန်များ သေဆုံးခဲ့သည့်အပြင် မြေမျက်နှာပြင်တွင်လည်းတွင်းနက်ကြီးတစ်ခု ကျန်ရစ်ခဲ့သည်။

အဆိုပါထီးဖာဒို့ထကျေးရွာသည် ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်ထားသော ဒေသတွင်း၌တည်ရှိနေသော်လည်း မြန်မာစစ်သားများ သို့မဟုတ် မြန်မာစစ်တပ်စခန်းများမရှိနေသည့်အပြင် ထိုအနီးအနားတွင် တိုက်ပွဲများလည်းဖြစ်ပွားနေခြင်းမရှိပေ။ ၎င်းကျေးရွာတွင် အရပ်သားပြည်သူများ၊ စာသင်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်းနှင့် ဘုန်းကြီးကျောင်းများသာ ရှိသည်။ ဗမာစစ်တပ်သည် အရပ်သားပြည်သူများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက်ခဲ့ခြင်း ဖြစ်ပြီး နိုင်ငံတကာ ဥပဒေကို ပြောင်ပြောင်တင်းတင်းချိုးဖောက်နေခြင်း ဖြစ်သည်။

KNU ၏ ကရင်ကျန်းမာရေးနှင့်လူမှုကယ်ဆယ်ရေးဦးစီးဌာနမှ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများသည် ဒဏ်ရာရသူများအား အရေးပေါ်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒဏ်ရာရသူများကို ဆေးရုံများသို့ ချက်ချင်း ပို့ဆောင်နိုင်ခြင်း မရှိခဲ့ပါ။

အရပ်သားပြည်သူများနှင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနေထိုင်ရာ စစ်ဘေးရှောင်စခန်းများအား ၎င်းတို့နေအိမ်များ သို့မဟုတ် ခိုလှုံရာနေရာများ၌နေနိုင်သည့် အချိန်တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခြင်းသည် ထိခိုက်သေဆုံးမှုနှုန်း အများဆုံးဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်သော နည်းဗျူဟာတခု ဖြစ်သည်။

ထီးဖာဒို့ထကျေးရွာသည် ဒူးသထူခရိုင် (သထုံခရိုင်)၊ ဘီလင်းမြို့နယ်၊ ထီးဖာဒို့ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။

မှတ်ချက် - ဗမာလူမျိုးကြီးစိုးရေး မူဝါဒများ၏ အစိတ်အပိုင်းတခုအဖြစ် ဗမာအာဏာပိုင်များက ဒူးသထူ - Doo Tha Htu ခရိုင်ကို သထုံခရိုင်ဟု မြန်မာဘာသာဖြင့် ခေါ်ဝေါ်ကြပြီး ဒေသခံ ကရင်အမည်များကို ဖျောက်ဖျက်ပစ်ရန် ကြိုးစားကြသည်။

သေဆုံးသွားသော ကလေးငယ်များ၏ အမည်စာရင်းများ -

- စောထွန်းထွန်းမင်း၊ အသက် ၆ နှစ် (ကျား)
- စောလင်းထက်၊ အသက် ၇ နှစ် (ကျား)
- နော်မယ်ခလာဖေါ် အသက် ၉ နှစ် (မ)
- နော်မူဆိဆိ၊ အသက် ၁၀ နှစ် (မ)
- နော်မပိုလို၊ အသက် ၁၂ နှစ် (မ)စတို့ဖြစ်သည်။

မကြာသေးမီ သီတင်းပတ်များမှစကတင်ကာ KNU ထိန်းချုပ်ရာ ဒေသများတွင် ဗမာစစ်တပ်က လေကြောင်းတိုက်ခိုက်မှုများနှင့် အပြင်းအထန်ထိုးစစ်ဆင်နေမှုများ ပြုလုပ်နေခြင်းသည် လာမည့် ဒီဇင်ဘာလကုန်တွင် ကျင်းပရန် စီစဉ်ထားသော အတုအယောင် ရွေးကောက်ပွဲကို ပြုလုပ်နိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်နေခြင်းဖြစ်သည်။

“နိုင်ငံတကာ အသိုင်းအဝိုင်းက ဗမာစစ်တပ်ရဲ့လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေခြင်းအား ကန့်သတ်ရန်အတွက် ဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်ရန် ပျက်ကွက်နေပြီး ယခုအခါ လေကြောင်းတိုက်ခိုက်မှုများကြောင့် အတင်းအကြပ် နေရပ်စွန့်ခွာတိမ်းရှောင်ရသူများအတွက် နိုင်ငံတကာအထောက်အပံ့များကိုပါ ဖြတ်တောက်ခံနေရတယ်” ဟု ကရင်ငြိမ်းချမ်းရေးအထောက် အကူပြုကွန်ယက်၏ ဒါရိုက်တာ Naw Wahku Shee မှထောက်ပြပြောဆိုသည်။ ဗမာစစ်တပ်သည် နိုင်ငံတကာအထောက်အပံ့မပါဘဲ ရပ်တည်နိုင်မည်မဟုတ်သောကြောင့် ၎င်းအထောက်အပံ့များကို ဖြတ်တောက်ရန် ပိုမိုလုပ်ဆောင်ရမည်ဖြစ်သည်။

လေကြောင်းတိုက်ခိုက်မှုများ၏ နောက်ဆက်တွဲသတင်းအချက်အလက်များနှင့် ဓာတ်ပုံများအတွက် ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် :


- နော်ချယ်ရီ (တွဲဖက်-ဒါရိုက်တာ - ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်)
- + ၆၆ (၀) ၆၅-၆၅၃-၈၁၀၇ kpsn14@gmail.com
- စောအက်ဒဝါဒ်  (မီဒီယာတာဝန်ခံ - ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက်)
- + ၆၆ (၀) ၆၃-၈၁၈-၇၁၄၅